# မြန်မာပြည်တစ်ပြည်လုံးရှိ ထောင်များမှာ လွတ်မြောက်မှု သတင်းများ(ဧရာဝတီ)

ပဲခူးတိုင်း အရှေ့ခြမ်း တောင်ငူထောင်မှ နိုင်ငံရေးအကျဉ်းသား ၅ ဦးနှင့် စစ်ထောက်လှမ်းရေးတချို့ လွတ်မြောက်မည်ဟု သတင်းရ ကြောင်း တောင်ငူမြို့ခံ NLD မှ ဦးအောင်စိုးမြင့်က ပြောသည်။ ၁၉၈၉ ခုနှစ် သန်လျင် ရေနံချက်စက်ရုံ ဖောက်ခွဲမှုဖြင့် ထောင်ဒဏ် နှစ် ၃ဝ ချမှတ်ခံထားရသည့် ကိုညီညီဦး၊ ပုဒ်မ ၅ ဖြင့် ထောင် ဒဏ် ၂၄ နှစ်ကျခံနေရသည့် စောမြင့်နိုင်နှင့် ဦးအေးရွှေ၊ ထောင်ဒဏ် ၁၇ နှစ်ကျခံနေရသည့် ကိုဇော်ရဲဝင်း၊ ကိုအောင်သန့်ဇင်ဦး၊ ကိုအောင်ဇေဖြိုးတို့ ပါဝင်ကြောင်း၊ စစ်ထောက်လှမ်းရေးဟောင်း ဗိုလ်မှူးကျော်ကျော်ထွန်းလည်း လွတ်မြောက်မည်ဖြစ်ကြောင်း ၎င်းကပြောသည်။

ယနေ့နံနက် ၁ဝ နာရီက မန္တလေးအကျဉ်းထောင်မှ နိုင်ငံရေးအကျဉ်းသား ၄၆ ယောက် စတင် လွှတ်ပေးနေပြီဖြစ်ကြောင်း၊ မစိုးရိမ် ကျောင်းတိုက်မှ သံဃာ ၈ ပါးနှင့် ဦးလှစိုး၊ ဦးကျော်ညွှန့်တို့ပါဝင်ပြီး ၈၈ မျိုးဆက်ကျောင်းသား ကိုလှမျိုးနောင် ပါဝင်ခြင်းမရှိ သေးကြောင်း မန္တလေး မြို့ခံ စာနယ်ဇင်းသမားက ပြောသည်။

ရန်ကုန်တိုင်း တတိုင်းလုံးရှိ ထောင်များနှင့် အလုပ်စခန်းများတွင် ကျခံနေရသော အကျဉ်းသားစုစုပေါင်း ၆၄၂ ဦးကို ယနေ့ လွှတ်ပေးမည်ဖြစ်ကြောင်း၊ အမျိုးသား ၅၆၄ ဦး၊ အမျိုးသမီး ၇၈ ဦးဖြစ်ကြောင်း၊ ထိုအထဲတွင် ပုဒ်မ ၅ ည ကဲ့သို့သော အမှုနှင့် ထောင်ကျနေရသူ ၇ ဦးသာပါဝင်၍ အမျိုးသား ၆ ဦး အမျိုးသမီး တဦး ဖြစ်ကြောင်း၊ မည်သူများဖြစ်သည်ကိုမူ မသိရသေးကြောင်း၊ ထောက်လှမ်းရေးဟောင်းများ တဦးမှ မပါဝင်ကြောင်း ရန်ကုန်တိုင်း အင်းစိန်ထောင် တာဝန်ခံ ဦးကျော်က ပြောသည်ဟု သိရသည်။

၂ဝဝ၇ ခုနှစ် ရွှေဝါရောင်တော်လှန်ရေးတွင် ပါဝင်ခဲ့သည့်အတွက် မအူပင်ထောင်တွင် ထောင်ဒဏ် ၇ နှစ် ကျခံနေရသည့် မနီးနီး (ခ) မြတ်နှင်းရည်နှင့် မိတ္ထီလာထောင်တွင် ထောင်ဒဏ် ၅ နှစ် ကျခံနေရသည့် အစ်မဖြစ်သူ ဒေါ်စန်းစန်းတင်တို့ ယနေ့ လွတ်မြောက် မည်ဟု ထောင်အာဏာပိုင်များကအကြောင်း ကြားထားကြောင်း ဒေါ်စုစုအောင်က ပြောသည်။ မြင်းခြံထောင်တွင် ထောင်ဒဏ် ၆၅ နှစ် ကျခံနေရသည့် ၎င်း၏သမီးဖြစ်သူ ၈၈ မျိုးဆက်ကျောင်းသူ မသက်သက်အောင်မှာမူ မလွတ်မြောက်သေးဟု သိရသည်။

ရခိုင်ပြည်နယ် ဘူးသီးတောင်ထောင်မှ စမ်းချောင်း ကိုကိုကြီး (ခ) ကေဖိုး၊ ဗကသ အဖွဲ့ဝင် သန်းထွန်းဇင်နှင့် ရဟန်းတပါးသာ လွတ်မြောက်မည်ဟု ထောင်အာဏာပိုင်များက ပြောဆိုကြောင်း၊ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုဌေးကြွယ်၊ ဗကသ အဖွဲ့ဝင် ကိုစည်သူမောင်တို့ လွတ်မြောက်မည် မဟုတ်ကြောင်း စည်သူမောင်၏ မိခင် ဒေါ်နုနုဆွေက ပြောသည်။ ခင်ပွန်းဖြစ်သူ ဦးပီတာမှာ ကယားပြည်နယ်လွိုင်ကော်ထောင်မှ ယနေ့နံနက်က လွတ်မြောက်ခဲ့သည်ဟု ထောင်အာဏာပိုင်များက အကြောင်း ကြားကြောင်း ဒေါ်နုနုဆွေက ဆက်လက်ပြောသည်။